# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)**

**[ သောကြာနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **အခြေခံပညာကျောင်းများတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကား သင်ကြားမည့် ဆရာ/ဆရာမများ၏ စာသင်ချိန် (၁)နာရီသင်ကြားမှုအတွက် တစ်လ ၃၀၀၀၀ ကျပ်ဖြစ်၍ တစ်ရက်လျှင် ၁၀၀၀ ကျပ်သည် ခေတ်ကာလငွေတန်ဖိုးအရ မသင့်လျော်ပါသဖြင့် သင့်လျော်ရာနှုန်းထားသို့ တိုးမြှင့်သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က တစ်လလျှင်သင်ကြားချိန် နာရီ (၂၀)ရှိသဖြင့် (၁)နာရီအတွက် လုပ်အားခကျပ် (၁၅၀၀)နှုန်း ထောက်ပံ့ကြေးချီးမြှင့်ထားခြင်းသည် ရုံးဝန်ထမ်းများ၏ နေ့စား(၁)ရက် (၈)နာရီလုပ်အားခ (၄၈၀၀)ကျပ်နှုန်းဖြင့် နှိုင်းယှဉ်လျှင် သင့်တင့်မျှတမှုရှိနေပါကြောင်း၊ လက်ရှိတွင် ပညာရေးဝန်ကြီးဌာနအတွက် ဘဏ္ဍာငွေရရှိမှုအခြေအနေအရ တိုင်းရင်းသားဘာသာ စာပေသင်ကြားသော ဆရာ၊ ဆရာမများပေးအပ်ချီးမြှင့်ငွေအား တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **KG+12 စနစ်ပညာရေး အောင်မြင်နိုင်ရေးအတွက် KG စာသင်ခန်းများ အဆင့်မြှင့်တင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ အလုံအလောက်ထောက်ပံ့ခြင်း၊ ဆရာ၊ဆရာမများအား လုံလောက်သောသင်တန်းများနှင့် အခွင့်အလမ်းများ ပေးအပ်ခြင်းနှင့် မိဘ၊ ဆရာ၊ ဆရာမများအား လက်ရှိအခြေအနေထက် ပိုမိုပူးပေါင်းဆောင်ရွက်မှု**

**အားကောင်းလာစေရန် ကျောင်းတိုင်းတွင် ပညာရေး ဆွေးနွေးပွဲများပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က နောင်လာမည့် ပညာသင်နှစ်များတွင် ခွဲဝေ ရရှိမည့် ရန်ပုံငွေအပေါ်မူတည်၍ KG (သူငယ်တန်း) ကျောင်းသား၊ ကျောင်းသူ များအတွက် KG Kit တွင်ပါဝင်သော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း ပေးခြင်း၊ ဆရာ၊ ဆရာမ အရည်အသွေးမြင့်မားရေးဆောင်ရွက်ခြင်းနှင့် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးမြို့၊ မြို့မရပ်ကွက်(၁၃)၊ နန်းဖာလုံ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၁၄၀x၃၀)ပေ Steel Structure (၂)ထပ် အဆောင်သစ်ဆောက်လုပ်ပေးပြီး သစ္စာဆောင်ကို အန္တရာယ် ဆောင်သတ်မှတ်၍ ဖျက်သိမ်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့် အခြေအနေပေါ်မူတည်လျက် ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ် ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ် ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း အုတ်ကျင်း အား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းအဖြစ် အမည် ပြောင်းလဲသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် အဆိုပါကျောင်းအတွက် RC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က သက်ဆိုင်ရာကျောင်းမှတစ်ဆင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်ပညာရေးမှူးရုံး၊ ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောထားမှတ်ချက်များရယူ၍ အခြေခံပညာဦးစီး ဌာနသို့ အမှုတွဲတင်ပြရန်လိုအပ်ပြီး အမှုတွဲတင်ပြလာပါက အခြေခံပညာဦးစီး ဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီထံသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားနိုင်ကြောင်း၊ RCC (၂)ထပ် ကျောင်းဆောင်သစ်တစ်ဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့် အခြေအနေ

ပေါ်မူတည်လျက် ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ အိုင်ဘူးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင် အဆောင်(၂)အား ပြင်ဆင်ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ပျက်စီးနေသော ကျောင်းဆောင်အစား (၁၄၀ x၃၀)ပေ RCC (၂)ထပ် ကျောင်းဆောင်သစ်တစ်ဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့်အခြေအနေပေါ်မူတည်လျက် ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ် ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၃။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး က ဆွေးနွေးသည်။

၄။ အစည်းအဝေးကို ၁၁:၀၇ နာရီ အချိန်တွင် ရပ်နားပြီး ဆဋ္ဌမနေ့ အစည်းအဝေးကို ၁၅-၅-၂၀၁၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**